## ကွယ်လွန်သူမိခင်ဈာပန ပို့ခွင့်ရရေး ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်မိသားစု တောင်းဆို
၃၀ နိုဝင်ဘာ ၂၀၀၇

ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုဌေးကြွယ်ရဲ့ မိခင်ဖြစ်သူ မနေ့နှောင်းပိုင်းက ဆုံးပါးသွားတဲ့နောက် မိသားစုဝင်တွေက မိခင်ရဲ့ ဈာပနကို ကိုဌေးကြွယ် လိုက်ပါပို့ဆောင်ခွင့်ရဖို့ အာဏာပိုင်တွေဆီက ခွင့်ပြုချက်တောင်းခံနေတယ်လို့သိရပါတယ်။ အကြောင်းစုံကိုတော့ ဦးအောင်လွင်ဦးက တင်ပြထားပါတယ်။

အသက် ၆၈ နှစ်အရွယ်ရှိ ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေး ရန်ကုန်မြို့နေအိမ်မှာ မနေ့ညပိုင်းက ဆုံးပါးသွားခဲ့တာပါ။ မကြာသေးခင်က ရန်ကုန်မြို့မှာ ဆေးကုသခံယူနေရာက ကျန်းမာရေးအခြေအနေယိုယွင်းလာတာကြောင့် နေအိမ်ကို ပြန်ခေါ်လာခဲ့ပြီး ရက်ပိုင်းအတွင်းမှာပဲ ကွယ်လွန်ခဲ့တာလို့လည်းသိရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကိုဌေးကြွယ်နဲ့ လုပ်ဖော်ကိုင်ဖက် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကိုထွန်းမြင့်အောင်က အခုလို ပြောပြပါတယ်။

> "ကိုဌေးကြွယ် ပြေးစဉ်ကတည်းက ကိုဌေးကြွယ်အမေက ကျန်းမာရေး တော်တော်မကောင်းဘူးခင်ဗျ။ ကိုဌေးကြွယ်ကို လာဖမ်းတာလည်း သူတို့ သိတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာမွှေနှောက်ပြီးတော့ ရှာဖွေတာကိုး။ အဲဒီအချိန်မှာ ကိုဌေးကြွယ် ရှောင်တိမ်းနေတုန်းမှာပဲ ကိုဌေးကြွယ်အမေ လေဖြတ်ပြီးတော့ ကိုယ်တစ်ခြမ်း သေသွားတယ်လို့ ကျနော်တို့ အဲဒီတုန်းက ကြားလိုက်ရတယ်။ ကျနော် အဲဒီတုန်းက မှတ်မိသေးတယ်ဗျာ၊ ကိုဌေးကြွယ်နဲ့ ဖုန်းပြောဖြစ်တဲ့အခါမှာ သူ့အမေ ကျန်းမာရေးနဲ့ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက် ပြောဖြစ်ကြတဲ့အခါမှာ – အေးဗျာတဲ့၊ ဘာတတ်နိုင်မှာလဲဗျာတဲ့၊ ဒီလိုပဲ ကျနော်တို့တတွေ ကြုံနေကြရမှာပဲ ဆိုတဲ့ ကိုဌေးကြွယ်ပြောခဲ့တဲ့ အသံလေးတောင် ကျနော်က ပြန်ကြားယောင်နေတယ်။ ဆိုတော့ ကိုဌေးကြွယ် အဖမ်းခံလိုက်ရတာကို သူ့အမေ ဆုံးသာဆုံးသွားတယ် မသိလိုက်ဘူး။ သူ့အိမ်က အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လုံးဝ မပြောထားဘူးလေ။ နောက်ပြီးတော့ ကျနော်တို့ သိရတာက ကိုဌေးကြွယ် အဖမ်းခံလိုက်ရပြီးကာမှ ဒေါ်မိမိလေးကို ဆေးရုံကို တင်လိုက်ရတယ်။ ရောဂါအခြေအနေက ပိုစိုးလာတယ်ပေါ့ဗျာ။ ရောဂါကတော့ ဦးနှောက် ရေအိပ်ပိတဲ့ရောဂါလည်းဖြစ်တယ်၊ နောက်ပြီးတော့ ကင်ဆာရောဂါလည်း ဖြစ်တယ်လို့ ကျနော်တို့ သိရတယ်။ အဲဒါက ဆေးရုံတက်တာ တစ်လ ကျော်ကျော်လောက် ရှိတယ်ပေါ့နော်။ အဲဒါ မနေ့က ည ၉ နာရီလောက်မှာတော့ ဆုံးသွားတယ်။ ဆရာဝန်တွေရဲ့ ပြောချက်အရတော့ ဆေးရုံမှာ ၅ ရက်လောက်ပဲ ခံတော့မယ်ဆိုတော့ အိမ်ကို သယ်လာခဲ့တယ်။ အိမ်ကိုသယ်လာပြီးတော့ အိမ်မှာ မနေ့ကည ၉ နာရီလောက်က ဆုံးသွားတယ်။ အိမ်မှာတော့ တစ်ရက်ကျော်ကျော် နေလိုက်ရတယ်ပေါ့ဗျာ။"

တကယ်တော့ မိခင်ဖြစ်သူ မဆုံးပါးခင်ကတည်းက ကိုဌေးကြွယ်နဲ့တွေ့ဆုံခွင့်ရဖို့ မိသားစုက ပြည်ထဲရေးဌာနကို မေတ္တာရပ်ခံခဲ့ပေမယ့်လည်း မရခဲ့ဘူးလို့သိရပါတယ်။ အခု မိခင်ရဲ့ နောက်ဆုံးဈာပနကို လိုက်ပါပို့ဆောင်ခွင့်ရဖို့ကိုလည်း မိသားစုဝင်တွေက အာဏာပိုင်တွေဆီက ခွင့်ပြုချက်ရဖို့ ကြိုးပမ်းနေတယ်လို့လည်း ကိုထွန်းမြင့်အောင်က ပြောပါတယ်။

> "ကိုဌေးကြွယ်မိခင် မဆုံးခင်ကတည်းက ရောဂါ အသည်းအသန်ဖြစ်နေတဲ့အချိန်မှာ သူ့ မိသားစုကနေပြီးတော့ ကိုဌေးကြွယ်ကို အမေ့ရဲ့ ကျန်းမာရေး နောက်ဆုံးအခြေအနေလေးမှာ တွေ့ခွင့်ရအောင် ကြိုးစားတာကို ကျနော်တို့သိရတယ်။ အကျဉ်းထောင်တွေကိုလည်း သွားတယ်၊ နောက်ပြီးတော့ သက်ဆိုင်ရာ ရဲစခန်းတွေကိုလည်းသွားတယ်လို့ ကျနော်တို့သိရတယ်။ ဒါပေမယ့် ဘာမှ တစ်စုံတစ်ရာ တုံ့ပြန်မှု မရခဲ့ဘူး။ အခုလည်း ထပ်ပြီးတော့ ဆုံးသွားတဲ့အချိန်မှာ ထပ်ပြီးတော့ ဒီ အကျဉ်းဦးစီးဌာနကို သွားနေတယ်လို့ ကျနော်တို့ကြားပါတယ်။ ကိုဌေးကြွယ် သူ့အမေရဲ့ နောက်ဆုံး ဇာပနခရီးကို လိုက်ပို့ခွင့်ရဖို့အတွက် မိသားစုက ကြိုးစားနေတယ်လို့သိရတယ်။ ဒါပေမယ့် ဘယ်လို အခြေအနေ ရောက်မလဲဆိုတာတော့ အခုထက်ထိတော့ ကျနော်တို့ သတင်းပြန်မကြားရသေးပါဘူး။"

တကယ်တော့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ကိုဌေးကြွယ် အခုလို ကြုံရတာဟာ ဒါဟာ ပထမဆုံးအကြိမ်တော့လည်း မဟုတ်ပါဘူး။ သူ့ရဲ့ဖခင်ဖြစ်သူနဲ့ အစ်ကိုဖြစ်သူတို့ ကွယ်လွန်ချိန်တုန်းကလည်း ကိုဌေးကြွယ်ဟာ အကျဉ်းကျခံနေရတာပါ။ ဒီလို အကျဉ်းကျခံနေရသူတွေ အာဏာပိုင်တွေ ဖမ်းဆီးမှာကို စိုးရိမ်ပြီး တိမ်းရှောင်နေရတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေအပေါ် အာဏာပိုင်တွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်လို့ ကိုထွန်းမြင့်အောင်က ပြောဆိုရာမှာတော့ –

> "ကျနော်တို့တိုင်းပြည်မှာက မိသားစုတွေ တကွဲတပြားဖြစ်ကြတယ်ပေါ့ဗျာ၊ သေကွဲကွဲတဲ့သူလည်း ကွဲ၊ ရှင်ကွဲ ကွဲတဲ့သူလည်း ကွဲ၊ ဒီလိုအဖြစ်ဆိုးမျိုးတွေကို ကျနော်တို့တိုင်းပြည်မှာ နိဂုံးချုပ်သင့်ပြီလို့ ကျနော် ပြောချင်တယ်။ ဟိုတလောတုန်းကဆိုလို့ရှိရင်လည်း မဖြူဖြူသင်း အဖေ ဆုံးသွားတယ်။ မဖြူဖြူသင်းမှာ အဖေရဲ့ နောက်ဆုံးအခြေအနေမှာလည်း သွားရောက်ပြုစုခွင့်မရဘူး။ သေဆုံးသွားတဲ့ အခါမှာလည်း ဇာပန ပို့ခွင့်မရခဲ့ဘူးဗျာ။ အခု ကိုဌေးကြွယ် ဆိုလို့ရှိရင်လည်း ဒီလိုပဲ။ မိခင်ကြီး နာမကျန်း ဖြစ်နေတဲ့ကြားကနေပြီးတော့ သူ တိုင်းပြည်အတွက် သူ ယုံကြည်ရာကို ကြိုးကြိုးစားစား ဆောင်ရွက်သွားတယ်ဗျာ။ အဲဒီတော့ မိခင်ကြီးရဲ့ နောက်ဆုံး ဇာပနခရီးကို သူ့ကို လိုက်ပို့ခွင့် ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်မနေ ပေးသင့်ပါတယ်။"

မိခင်ဖြစ်သူ ဒေါ်မိမိလေး ကွယ်လွန်ချိန်မှာ ကိုဌေးကြွယ်အပါအဝင် သားသမီး ၃ ယောက်နဲ့ မြေး ၃ ယောက် ကျန်ရစ်ခဲ့ပါတယ်။ ကိုဌေးကြွယ်မိခင် ဈာပနကိုတော့ တနင်္လာနေ့မှာ ရေဝေးသုသာန်မှာ သင်္ဂြိုဟ်ဖို့ရှိတယ်လို့လည်း သိရပါတယ်။